# ပထမအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး

# (၃၆) ရက်မြောက်နေ့ အစီအစဉ်

# [ ၃၀ - ၈ - ၂၀၁၂ ]

# ( ကြာသပတေးနေ့ )

၁။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ အမျိုးသားလွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ အမျိုးသားလွှတ်တော် (၃၆)ရက်မြောက်နေ့ အစည်းအဝေး အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း -

(က) ဦးအောင်ကြည်ညွန့်မကွေးတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၄)၏**တောင်တွင်းကြီး မြို့နယ်၊ ခုတင်(၅၀)ဆံ့ ဆေးရုံကို စနစ်သစ် ခုတင်(၅၀)ဆံ့ ဆေးရုံ၏ ဝန်ထမ်း ဖွဲ့စည်းပုံအင်အားအတိုင်း တိုးမြှင့်ပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ခ ) ဦးအောင်သန်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၏ **ရေစကြိုမြို့ပေါ်ရှိ စိတ္တသုခ အခြေခံပညာအလယ်တန်းကျောင်းကို အခြေခံပညာအထက်တန်းကျောင်း (သို့မဟုတ်) အထက်တန်းကျောင်းခွဲအဖြစ် အဆင့်တိုးမြှင့်ပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ဂ ) ဦးမောင်သာခင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)၏ **မောင်တောမြို့၊ မြို့မအမှတ်(၁)အခြေခံပညာအလယ်တန်းကျောင်းကို အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အဖြစ် အဆင့်တိုးမြှင့်ပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးစိုင်းတင်အောင်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၏ **(၂)နှစ်ဖြေဆိုမအောင်မြင်သောအဋ္ဌမတန်းကျောင်းသား/ကျောင်းသူများကို ကျောင်းတွင်းစစ်(ပြင်ပဖြေ) စာမေးပွဲဖြေဆိုခွင့် ရရှိရေးအတွက် ဆောင်ရွက်ပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း။

၆။ အမျိုးသားလွှတ်တော် အာဆီယံ စီးပွားရေးအသိုက်အဝန်းဆိုင်ရာ ကော်မတီက ကော်မတီ၏ အစီရင်ခံစာကို အမျိုးသားလွှတ်တော်သို့ ဖတ်ကြား တင်သွင်းခြင်း။

၇။ အမျိုးသားလွှတ်တော် အာဆီယံ စီးပွားရေးအသိုက်အဝန်းဆိုင်ရာ ကော်မတီ၏ အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်းဥက္ကဋ္ဌက ကြေညာခြင်း။

၈။ အမျိုးသားလွှတ်တော် ပြည်သူ့ငွေစာရင်း ကော်မတီ၏ အစီရင်ခံစာကို အောက်ပါ လွှတ်တော်ကိုယ်စားလှယ်က ဆွေးနွေးခြင်း-

- ဒေါ်ခင်ဝိုင်းကြည်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)

၉။ အမျိုးသားလွှတ်တော် ပြည်သူ့ငွေစာရင်း ကော်မတီ၏ အစီရင်ခံစာကို သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့်အမျိုးသားလွှတ်တော်၏အတည်ပြုချက် ရယူခြင်း။

၁၀။ အမျိုးသားလွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ကော်မတီ၏ အစီရင်ခံစာကို အောက်ပါ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း-

(က) ဦးစိုင်းသန့်ဇင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)

(ခ) ဒေါ်ခင်ဝိုင်းကြည်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)

(ဂ) ဦးဌေးဝင်း(ခ)ဦးဇာယာဒ်ရော်မံ၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)

(ဃ) ဒေါက်တာမြင့်နိုင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)

၁၁။ အမျိုးသားလွှတ်တော်ပြည်သူတို့၏ တိုင်ကြားစာနှင့်အသနားခံစာဆိုင်ရာကော်မတီ၏ **ယနေ့နိုင်ငံတော်တွင် သန့်ရှင်းသောအစိုးရ၊ ကောင်းမွန်သော အုပ်ချုပ်မှုစနစ် အကောင်အထည်ဖော် ဆောင်ရွက်နေချိန်တွင် တရားစီရင်ရေးကဏ္ဍအနေဖြင့် တရားမျှတစွာ မှန်ကန်သည့် တရားစီရင်ရေး ဖြစ်ပေါ်စေရေးကို အထူးအလေးထား ကြီးကြပ်ဆောင်ရွက်ရန်** ပြည်ထောင်စုတရားလွှတ်တော်ချုပ်အား တိုက်တွန်းကြောင်း အဆိုကို အောက်ပါ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ဖြေရှင်းဆွေးနွေးခြင်းနှင့်အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း-

(က) ဦးစောအုန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)

(ခ) ဦးအောင်ချိုဦး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)

(ဂ) ဦးအောင်ကြည်ညွန့်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)

၁၂။ ဦးနု၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၏ **အခြေခံပညာအထက်တန်း (တက္ကသိုလ်ဝင်တန်း) စာမေးပွဲကို ပြည်နယ်/တိုင်းဒေသကြီးများအလိုက် စစ်ဆေး အတန်းတင်ပေးကာ ဝင်ခွင့်စာမေးပွဲဖြင့် စိစစ်၍ နှစ်သက်ရာ တက္ကသိုလ်အသီးသီးတွင် တက်ရောက်ခွင့်ပြုရေး အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ပါရန်**ပြည်ထောင်စု အစိုးရအား တိုက်တွန်းကြောင်း အဆိုကို အောက်ပါ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ဖြေရှင်း ဆွေးနွေးခြင်းနှင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း-

(က) ဦးမောင်အေးထွန်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)

( ခ ) ဦးဆိုင်ပေါင်းနပ်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)

( ဂ ) ဒေါက်တာမြင့်ကြည်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)

(ဃ) ဦးဖုန်းမြင့်အောင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)

၁၃။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် (၃၆)ရက်မြောက်နေ့ အစည်းအဝေး ရပ်နားကြောင်းနှင့် (၃၇) ရက်မြောက်နေ့ အစည်းအဝေး ဆက်လက် ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။